THIS MEMORANDUM OF UNDERSTANDING (MOU)

Signed this 22nd day of January, 2019

ဤ နားလည်မှု စာချွန်လွှာကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့တွင် လက်မှတ်ရေးထိုးပါသည်။

This Memorandum of Understanding is made between:

Yadanabon University (YDB), Myanmar and Khon Kaen University (KKU), Thailand agree to enter into a formal collaborative agreement based on a foundation of trust for the mutual benefit and development of the two institutions and the promotion of international understanding and goodwill.

ယင်းနားလည်မှုစာချွန်လွှာသည်

ရတနာပုံတက္ကသိုလ် (YDB) မြန်မာနိုင်ငံ နှင့် Khon Kaen University (KKU) ထိုင်းနိုင်ငံတို့သည် တက္ကသိုလ်နှစ်ခုအကြား အပြန်အလှန် အကျိုးကျေးဇူးရှိစေရန်၊ ဖွံ့ဖြိုးတိုးတက်စေရန်၊ အပြန်အလှန်ချစ်ခင်ရင်းနှီး နားလည်မှုရရှိစေရန်နှင့် စိတ်နှလုံးကောင်းမွန်စွာ ဆက်သွယ်မှုများကို မြှင့်တင်နိုင်စေရန် အခြေခံ၍အကျိုးတူ ပူးပေါင်းဆောင်ရွက်ရန် အောက်ပါအတိုင်း သဘောတူကြပါသည်။

1. YDB and KKU will jointly develop some or all of the following activities based on their respective academic and educational needs:
    a. exchange of research materials, publications and information;
    b. support for distance learning courses, with mutual written consent before expenses are incurred;
    c. organization of joint research programs;
    d. exchange of students, staff and non-academic staff.

၁။ ရတနာပုံတက္ကသိုလ်နှင့် Khon Kaen University တို့သည် ပညာရေးလိုအပ်ချက်အရ အောက်ပါအချက်များ အားလုံးကိုသော်လည်းကောင်း၊ တချို့ကိုသော်လည်းကောင်း ပူးပေါင်း၍ ဖွံ့ဖြိုးအောင် ဆောင်ရွက်ပါမည်။

(က) သုတေသနနှင့် ပတ်သက်သော ပစ္စည်းများ၊ ပုံနှိပ်ထုတ်ဝေမှုများနှင့် သတင်းအချက်အလက်များ လဲလှယ်ခြင်း။

(ခ) ကုန်ကျစရိတ်များအား တက္ကသိုလ်၂ခုသဘောတူညီချက်ဖြင့် ပညာရပ်များကို အဝေးရောက် လေ့လာမှုပြုနိုင်ရန် (distance learning courses) အတွက် ထောက်ပံ့ပြုခြင်း။

(ဂ) ပူးတွဲ၍သုတေသနပရိုဂရမ်များကိုဆောင်ရွက်ခြင်း။

(ဃ) ကျောင်းသား/ကျောင်းသူများ၊ ဆရာ/ဆရာမများနှင့် ဝန်ထမ်းများအား နိုင်ငံခြား အတွေ့အကြုံရရှိရန် အပြန်အလှန် စေလွှတ်ခြင်း။

2. The implementation of exchange programs under this MOU shall be separately negotiated and determined by YDB and KKU.

၂။ ယခုသဘောတူညီချက်အရ တက္ကသိုလ်နှစ်ခုအကြား အပြန်အလှန် စေလွှတ်ရေးနှင့် ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သီးခြားဆွေးနွေးမှုများပြုလုပ်ပြီး ဆုံးဖြတ်ရမည်။

3. Nothing shall diminish the full autonomy of either institution, nor will any constraints or financial obligations be imposed by either upon the other in carrying out the agreement.

၃။ တက္ကသိုလ်နှစ်ခုသည် ယခုသဘောတူညီချက်အရ ဆောင်ရွက်ရာတွင် တခုနှင့်တခု၏ လုပ်ပိုင်ခွင့်အာဏာများကို ထိခိုက်စေခြင်း မရှိစေရ။ ငွေရေးကြေးရေးကုန်ကျခံခြင်းနှင့်ပတ်သတ်၍ သော်လည်းကောင်း၊ အခြားကန့်သတ်ချက်များဖြစ်စေခြင်းကို သော်လည်းကောင်း တာဝန်ကျရောက်ခြင်း မရှိစေရ။

4. This MOU is subject to revision or renewal by mutual agreement. This MoU may be terminated by either Side by notifying the other Side in writing of its intention to terminate it at least three (3) months prior to the date of termination and this termination will not affect the ongoing activities carried out under this MoU until their completion, unless otherwise jointly decided upon by the Sides.

၄။ ယခုနားလည်မှုစာချွန်လွှာအား တက္ကသိုလ်နှစ်ခု၏သဘောတူညီချက်ဖြင့် ပြင်ဆင်ခြင်း၊ အသစ်ပြုခြင်းများ ပြုလုပ်ခွင့်ရှိသည်။ ရပ်စဲလိုသည့်တက္ကသိုလ်သည် ရပ်စဲရခြင်း အကြောင်းပြချက်အား ရပ်စဲမည့်နေ့မတိုင်မီ (၃)လကြိုတင်၍ တဘက်တက္ကသိုလ်ကို အကြောင်းကြားရမည်။ တက္ကသိုလ်နှစ်ခုကြား အတူတကွဆုံးဖြတ်ထားခြင်းမရှိပါက အထက်ပါ

ရပ်စဲခြင်းသည် ယခုနားလည်မှုစာချွန်လွှာအရ ဆောင်ရွက်နေဆဲဖြစ်သော ကိစ္စရပ်များအား ထိခိုက်စေခြင်းမရှိစေဘဲ ပြီးဆုံးသည်အထိ ဆောင်ရွက်ရမည်။

5. The MOU will be valid for five years and become effective when the representatives of YDB and KKU have signed and dated the document.

၅။ ဤနားလည်မှုစာချွန်လွှာသည် အချိန်ကာလအားဖြင့် ၅နှစ်တာ ဆောင်ရွက်မည်ဖြစ်ပြီး တက္ကသိုလ်နှစ်ခုမှ ကိုယ်စားလှယ်များ လက်မှတ်ထိုးသည့်နေ့မှစ၍ အတည်ဖြစ်သည်။

6. This Memorandum is signed in Yadanabon University, Mandalay, Republic of the Union of Myanmar, on 22 January 2019 in two original copies in the English Language.

၆။ ဤနားလည်မှုစာချွန်လွှာအား ရတနာပုံတက္ကသိုလ်၊ မန္တလေးတိုင်းဒေသကြီး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ (၂၂)ရက်နေ့၌ အင်္ဂလိပ်ဘာသာဖြင့် လက်မှတ်ရေးထိုးပါသည်။

KHON KAEN UNIVERSITY

DR.A PETCHSIRI
JSD.ASSOC.PROFESSOR

ACTING PRESIDENT

ခုံခမ်းတက္ကသိုလ်

ထိုင်းနိုင်ငံ

YADANABON UNIVERSITY/

DR. MAUNG MAUNG NAING
RECTOR/

ဒေါက်တာမောင်မောင်နိုင်

ပါမောက္ခချုပ်

ရတနာပုံတက္ကသိုလ်

မြန်မာနိုင်ငံ